# ကျောင်းတွင်း ကပ်ရောဂါဆိုင်ရာ မေးလေ့ရှိသည့်မေးခွန်းများ EBT (P-EBT)

# -နှင့်-

# ကျောင်းတွင်း ကလေးများအတွက် နွေရာသီ P-EBT (**အသစ်။)

2020-2021 ပညာသင်နှစ် (*ဇွန်လ 3 ရက်၊ 2021)*

---

**မေးခွန်း 1- P-EBT ဆိုတာ ဘာလဲ။**

ဖြေ- ၎င်းသည် ဖက်ဒရယ်အစိုးရက COVID-19 ဖြစ်ပွားချိန် ကျောင်းပိတ်မှုများကြောင့် ထိခိုက်ခဲ့ရသော အိမ်ထောင်စုများကို ကူညီရန် ခွင့်ပြုပေးထားသည့် ယာယီ အစားအသောက် အထောက်အပံ့ဖြစ်သည်။

---

**မေးခွန်း 2- P-EBT အကျိုးခံစားခွင့်များကို မည်သူ ရရှိနိုင်သလဲ။**

ဖြေ- Vermont ရှိ နိုင်ငံတော် ကျောင်းနေ့လယ်စာ အစီအစဉ်အရ အခမဲ့ သို့မဟုတ် စျေးလျှော့ပေးသော ကျောင်းနံနက်စာနှင့် နေ့လယ်စာများကို ပုံမှန်လက်ခံရယူလျက်ရှိသည့် ကျောင်းသားများရှိသော အိမ်ထောင်စုများ။ ကျောင်းသားက တစ်လတာ အချိန်အများစုတွင် ပညာသင်ယူခဲ့ပါက အဝေးသင် သို့မဟုတ် ပေါင်းစပ် သင်ကြားရေးပုံစံ တစ်ခုခုဖြင့် အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်။

---

**မေးခွန်း 3- ကျွန်ုပ်၏အိမ်ထောင်စုက အကျိုးခံစားခွင့်ရှိ၊ မရှိ ဘယ်လိုသိနိုင်သလဲ။**

ဖြေ- သင့်ကလေး၏ကျောင်းသည် ပြည်နယ်က သတ်မှတ်ထားသည့် စံနှုန်းအရ သင့်ကျောင်းသားတွင် အကျိုးခံစားခွင့် ရှိ၊ မရှိကို ဆုံးဖြတ်ပါမည်။ ကျောင်းသည် ၎င်းတို့၏ဖိုင်ထဲတွင်ရှိသည့် အချက်အလက်များ မှန်ကန်ကြောင်း သေချာစေရန် သင့်ကို ဆက်သွယ်နိုင်ပါသည်။ ၎င်းတို့၏ တောင်းဆိုချက်ကို တုံ့ပြန် ဆောင်ရွက်ပေးပါ။ သင့်တွင် အကျိုးခံစားခွင့်ရှိပါက၊ အကျိုးခံစားခွင့် ရယူပုံနှင့် ရရှိမည့်အချိန်တို့ကို ရှင်းပြထားသော စာတစ်စောင်ကို DCF ထံမှ ရရှိပါမည်။

---

**မေးခွန်း 4- ကျွန်ုပ်တို့တွင် အကျိုးခံစားခွင့်ရှိပါက၊ ဤအကျိုးခံစားခွင့်များကို ဘယ်လိုလက်ခံရရှိမှာလဲ။**

ဖြေ- သင်သည် လက်ရှိတွင် EBT ကတ်၌ 3SquaresVT ရှိပါက၊ သင့်ကို ထိုကတ်ပေါ်၌ P-EBT အကျိုးခံစား ခွင့်ကို ရေး၍ ထုတ်ပေးပါမည်။ ထိုသို့ မဟုတ်ပါက အထူး P-EBT ကတ်တစ်ခုကို

ရရှိပါမည်။  သင်က 2020-2021 ပညာသင်နှစ်အတွက် P-EBT ကတ်ကို လက်ခံရရှိထားပြီးဖြစ်ပါက၊ သင့်အကျိုးခံစားခွင့်များ ဤကတ်တွင် ပေါင်းထည့်ထားမည်ဖြစ်၍ ဤကတ်ကို သိမ်းထားပေးပါ။ ဖက်ဒရယ်အစိုးရ၏ *မိသားစုများအတွက် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် တုံ့ပြန်ရေး အက်ဥပဒေအရ* သင့်ကျောင်းသား၏ ကျောင်းသည် အဆိုပါရည်ရွယ်ချက်အတွက် လိုအပ်သော ဒေတာများကို ကလေးများနှင့် မိသားစုများ အတွက် ဌာန (Department for Children and Families - DCF) ထံ မျှဝေခွင့်ရှိကြောင်း သတိပြုပါ။

---

**မေးခွန်း 5- ပြီးခဲ့သော နွေဦးရာသီ (2020) က P-EBT ကတ်ကို ရရှိခဲ့သော်လည်း အခုမရှိတော့ပါ။ အဲဒါက ပြဿနာရှိပါသလား။**

ဖြေ- မဟုတ်ပါ။ 2020-20201 ပညာသင်နှစ်အတွက် ကတ်အသစ်များကို ထုတ်ပေးနေပါသည်။ အထူး P-EBT ကတ်တွင် အကျိုးခံစားခွင့် ရရှိနေပါက၊ သင်ရထားသည့် ကတ်အသစ်ကို သိမ်းထားပါ။ ဤစာသင်နှစ်အတွင်း ငွေထုတ်ပေးမှုများကို တစ်ကြိမ်ထက်ပို၍ လုပ်ဆောင်မည်ဖြစ်သောကြောင့် ထပ်ဆောင်း အကျိုးခံစားခွင့်များကို ဖြည့်စွက်နိုင်ပါသည်။

---

**မေးခွန်း 6- ကျွန်ုပ်၏ P-EBT ကတ်အသစ်ကို လက်ခံရရှိခဲ့ပါသည်၊ သို့သော် ပျောက်သွားသည်၊ လွှင့်ပစ်ခဲ့သည် သို့မဟုတ် ပျက်စီးသွားသည်။  ဘာလုပ်ရမလဲ။**

ဖြေ- အစားထိုးကတ် လက်ခံရရှိရန် P-EBT ကျွမ်းကျင်သူနှင့် ဆွေးနွေးဖို့ ESD ကို 1-800-479-6151 လိုင်းခွဲ 7 ကို ဖုန်းခေါ်ဆိုပါ။

---

**မေးခွန်း 7- အကျိုးခံစားခွင့်များကို ဘယ်အချိန်တွင် ပေးမလဲ။**

ဖြေ- အကျိုးခံစားခွင့်များ၏ ပထမဆုံးအသုတ် (စက်တင်ဘာလ 2020 - ဖေဖော်ဝါရီလ 2021) ကို ဧပြီလ 2021 တွင် ထုတ်ပြန်ခဲ့သည်။ 2021 မတ်လမှ ဇွန်လအတွက် အကျိုးခံစားခွင့်များကို 2021 ဇူလိုင်လတွင် ထုတ်ပေးရန် မျှော်မှန်းထားပါသည်။ ဤရက်စွဲများမှာ အပြောင်းအလဲရှိနိုင်သောကြောင့် အပ်ဒိတ်လုပ် ထားသော မေးလေ့ရှိသည့် မေးခွန်းများကို ဤဝဘ်ဆိုက်တွင် ဆက်လက် ဝင်ကြည့်ပေးပါ။

---

**မေးခွန်း 8- P-EBT အကျိုးခံစားခွင့်က ဘယ်လောက်လဲ။**

ဖြေ- အကျိုးခံစားခွင့်များမှာ ထိုလအတွက် သင့်ကျောင်းသား၏ သင်ယူမှုပုံစံအပေါ် မူတည်ပါသည်-

- အဝေးရောက် သင်ယူလေ့လာရေးလအတွက် $119.35။
- ပေါင်းစပ် သင်ယူသည့် လတစ်လ (အချို့ရက်များတွင် ကျောင်းတက်၍ အချို့ရက်များတွင် အဝေးမှ သင်ယူခြင်း) အတွက် တစ်စိတ်တစ်ပိုင်း အကျိုးခံစားခွင့်။ *စက်တင်ဘာလမှ ဖေဖော်ဝါရီလ 2021 အထိအတွက် တစ်စိတ်တစ်ပိုင်း အကျိုးခံစားခွင့်မှာ တစ်လလျှင် $71.61 ဖြစ်သည်။ နွေဦးတွင် ပိုများသော လူကိုယ်တိုင် သင်ယူလေ့လာရေးသို့ ကျောင်းများ ပြန်ဦးမော့လာခြင်းကြောင့် မတ်လ - ဇွန်လအထိ တစ်စိတ်တစ်ပိုင်း အကျိုးခံစားခွင့်များမှာ ပိုလျော့နည်းလာပါသည်-*
    - မတ်လ $38.19
    - ဧပြီလ $37.51
    - မေလ $33.42
    - ဇွန် $30.69
- လူကိုယ်တိုင် ကျောင်းတက်သင်ယူသည့်လ တစ်လအတွက် အကျိုးခံစားခွင့် မရှိပါ။

---

**မေးခွန်း 9- အိမ်ထောင်စုတွင် ကလေးမည်မျှရှိပါစေ P-EBT အကျိုးခံစားခွင့်က အတူတူ ဖြစ်ပါသလား။**

ဖြေ- မဟုတ်ပါ။ အကျိုးခံစားခွင့်သည် ကျောင်းသားတစ်ဦးစီ၏ သင်ယူမှုပုံစံနှင့် အခမဲ့နှင့် ဈေးလျှော့ပေးသော ကျောင်းနံနက်စာနှင့် နေ့လယ်စာများ ရရှိခွင့်တို့အပေါ် အခြေခံ၍ တွက်ချက်ပါသည်။ အကျိုးခံစားခွင့်သည် ကျောင်းသား တစ်ဦးနှင့်တစ်ဦး မတူနိုင်ပါ။

---

**မေးခွန်း 10- ကျွန်ုပ်၏ကျောင်းသားအတွက် အိမ်ထောင်စုနှစ်ခုက ခွဲ၍ အုပ်ထိန်းခွင့်ရှိပါသည်။ ဘယ်သူက အကျိုးခံစားခွင့်ရှိပါသလဲ။**

ဖြေ- ကျောင်းသား၏ကျောင်းက အိမ်ထောင်ဦးစီးအဖြစ် စာရင်းသွင်းထားသည့် လူကြီးထံ အကျိုးခံစား ခွင့်ကို ပို့ပေးပါမည်။ အကျိုးခံစားခွင့်ရှိသူမှာ ကျောင်းသားအတွက် အခမဲ့နှင့် ဈေးလျှော့ပေးသော ကျောင်းနံနက်စာနှင့် နေ့လယ်စာ လျှောက်လွှာတင်ခဲ့သည့် လူကြီး သို့မဟုတ် ကျောင်း၏စနစ်တွင် အဓိက ဆက်သွယ်ရန်ပုဂ္ဂိုလ်အဖြစ် စာရင်းသွင်းထားသည့် လူကြီး ဖြစ်နိုင်ပါသည်။ အိမ်ထောင်ဦးစီး အဖြစ် စာရင်းမှတ်ထားရမည့် လူများကို အတည်ပြုဖို့

ဖေဖော်ဝါရီလတွင် ကျောင်းများက အိမ်ထောင်စု များကို ဆက်သွယ်ခဲ့သည်။
အိမ်ထောင်ဦးစီးနေရာတွင် ပြင်ဆင်ဖြည့်စွက်ရန် လိုပါက ကျောင်းကို ဆက်သွယ်ပါ။

---

**မေးခွန်း 11- ဤအကျိုးခံစားခွင့်ဖြင့် ကျွန်ုပ် ဘာတွေ ဝယ်နိုင်သလဲ။**

ဖြေ- [ဝယ်ယူနိုင်သော စားသောက်ကုန်စာရင်း] ကို USDA ဝဘ်ဆိုက်တွင် ကြည့်ပါ။

---

**မေးခွန်း 12- ကျွန်ုပ်၏ P-EBT ကတ်ကို ဘယ်နေရာမှာ သုံးနိုင်သလဲ။**

ဖြေ- 3SquaresVT ကို လက်ခံသော နေရာတိုင်းတွင် စားသောက်ကုန်များ ဝယ်ယူရန် ထိုကတ်ကို သုံးနိုင်ပါသည်။ ၎င်းတွင် Vermont ရှိ ကုန်စုံဆိုင်များ၊ စူပါမားကတ်များ၊ အချိန်မရွေးဝယ်ယူနိုင်သော ကုန်မျိုးစုံဆိုင်များနှင့် များစွာသော လယ်သမားဈေးများ ပါဝင်သည်။ DCF ၏ [EBT ဝဘ်စာမျက်နှာ]တွင် နောက်ထပ် လေ့လာပါ။

---

**မေးခွန်း 13- ကျွန်ုပ်တွင် ကျောင်းတက်နေသော ကလေးမရှိပါ။ ဤအကျိုးခံစားခွင့်ကို ကျွန်ုပ် ရရှိနိုင်ပါသလား။**

ဖြေ- မရနိုင်ပါ။ ဤအကျိုးခံစားခွင့်သည် နိုင်ငံတော် ကျောင်းနေ့လယ်စာ အစီအစဉ်မှတစ်ဆင့် ကျောင်းတွင် အခမဲ့ သို့မဟုတ် ဈေးလျှော့ပေးသော နံနက်စာနှင့် နေ့လယ်စာများကို ပုံမှန်ရရှိကြပြီး ယခုအခါ အဝေးသင် သို့မဟုတ် ပေါင်းစပ် သင်ယူမှုပုံစံဖြင့် စာသင်နေရသောကြောင့် အိမ်တွင် ထိုနံနက်စာနှင့် နေ့လယ်စာများကို စားရန် လိုအပ်သော ကလေးများရှိသည့် အိမ်ထောင်စုများအတွက်သာ ဖြစ်ပါသည်။

---

**မေးခွန်း 14- ထိုအကျိုးခံစားခွင့်သည် အစိုးရကျောင်းရှိ ကလေးများအတွက်သာ ဖြစ်ပါသလား။**

ဖြေ- မဟုတ်ပါ။ အချို့သော သီးခြားရပ်တည်သည့် ကျောင်းများသည် နိုင်ငံတော် ကျောင်းနေ့လယ်စာ အစီအစဉ်တွင် ပါဝင်ထားကြပြီး၊ ထိုကျောင်းများရှိ ကလေးများက ထိုအကျိုးခံစားခွင့်ကို ရရှိနိုင်ပါသည်။ သို့သော် သီးခြားရပ်တည်သည့် ကျောင်းများစွာသည် နိုင်ငံတော် ကျောင်းနေ့လယ်စာ အစီအစဉ်တွင် မပါဝင်ကြသောကြောင့် ၎င်းတို့၏ ကျောင်းသားများက ထိုအကျိုးခံစားခွင့်ကို မရရှိကြပါ။

---

**မေးခွန်း 15- လူမှုအသိုင်းအဝိုင်းတွင်း အကျိုးခံစားခွင့် ထောက်ပံ့မှု (CEP) သို့မဟုတ် Provision 2 ကိုသုံး၍ ကျောင်းသားအားလုံးကို အခမဲ့ မနက်စာနှင့် နေ့လယ်စာကျွေးသော ကျောင်းများက ဘယ်လိုလုပ်ဆောင်မလဲ။**

ဖြေ- ဤကျောင်းများရှိ ကျောင်းသားအားလုံးသည် ပေါင်းစပ် သို့မဟုတ် အဝေးသင် သင်ယူမှုပုံစံဖြင့် စာသင်နေသည့်လများအတွက် P-EBT အကျိုးခံစားခွင့်ကို ရရှိပါမည်။ [အဆိုပါကျောင်းစာရင်း](#) ကို AOE ဝဘ်ဆိုက်တွင် ကြည့်နိုင်ပါသည်။

---

**မေးခွန်း 16- ကျွန်ုပ်ကလေး၏ ကျောင်းရှိ ကလေးတိုင်းသည် Provision 2 မှတစ်ဆင့် အခမဲ့ မနက်စာကို ပုံမှန်ရရှိပါသည်။ ကလေးတိုင်းက P-EBT အကျိုးခံစားခွင့်ကို ရရှိမည်လား။**

ဖြေ- မဟုတ်ပါ။ Provision 2 သို့မဟုတ် CEP ကိုသုံး၍ မနက်စာရော နေ့လယ်စာပါ ပုံမှန်အခမဲ့ကျွေးသည့် ကျောင်းများရှိ ကျောင်းသားများကသာ ထိုအကျိုးခံစားခွင့်ကို ရရှိနိုင်ပါသည်။ သင့်ကောင်းက ပုံမှန် အားဖြင့် Provision 2 ကိုသုံး၍ အခမဲ့မနက်စာသာ ကျွေးပါက ကျောင်းသားတစ်ဦးချင်းစီ၏ အခမဲ့နှင့် ဈေးလျှော့ထားသော နေ့လည်စာ ရရှိနိုင်မှုအပေါ်မူတည်၍ P-EBT အတွက် အကျိုးခံစားခွင့်ရရှိပါမည်။

---

**မေးခွန်း 17- ကျွန်ုပ်တို့၏ကျောင်းသည် ယခုနှစ်တွင် ကလေးအားလုံးကို အခမဲ့ မနက်စာနှင့် နေ့လယ်စာ များ ကျွေးနေပါသည်။ ဤသို့ဆိုလျှင် ကျောင်းသားတိုင်း ထိုအကျိုးခံစားခွင့်ကို ရရှိမည်လား။**

ဖြေ- မဟုတ်ပါ။ သင့်ကျောင်းသား၏ ကျောင်းသည် CEP သို့မဟုတ် Provision 2 မှတစ်ဆင့် "အခြေခံ အစားအသောက်များ" ပုံမှန်ကျွေးခြင်းမရှိလျှင် အခမဲ့နှင့် ဈေးလျှော့ထားသော ကျောင်းနံနက်စာနှင့် နေ့လည်စာများ ရရှိနိုင်မှုသည် ကျောင်းသားတစ်ဦးစီ၏ အကျိုးခံစားခွင့်ရှိမှုအပေါ် မူတည်ပါသည်။ ကျောင်းများသည် USDA ၏ နွေရာသီ အစားအသောက် ဝန်ဆောင်မှု အစီအစဉ်ကိုသုံး၍ ယခုနှစ်တွင် ကလေးအားလုံးကို အခမဲ့နံနက်စာနှင့် နေ့လည်စာများ ကျွေးနိုင်သော်လည်း ကျောင်းရှိ ကျောင်းသား တိုင်းက P-EBT ကို ခံစားခွင့်ရှိမည် မဟုတ်ပါ။

---

**မေးခွန်း 18- ကျွန်ုပ်၏ကလေးသည် ယခုနှစ်တွင် အိမ်မှာပဲ စာသင်နေပါသည်။ ကျွန်ုပ်တို့ ထိုအကျိုး ခံစားခွင့်ကို ရနိုင်ပါသလား။**

ဖြေ-  မရနိုင်ပါ။ P-EBT အကျိုးခံစားခွင့်သည် နိုင်ငံတော် ကျောင်းနေ့လည်စာ အစီအစဉ်တွင် ပုံမှန် ပါဝင်ထားသော ကျောင်းတစ်ကျောင်းတွင် စာရင်းသွင်းအပ်နှံထားသော ကျောင်းသားများအတွက်သာ ရရှိနိုင်ပါသည်။ အကျိုးခံစားခွင့်ကို ယခုနှစ်အတွက် ကျောင်းအပ်ထားပြီး အဝေးမှ သင်ယူနေသော ကျောင်းသားများသာ ရရှိနိုင်ပြီး၊ ကျောင်းအပ်မထားဘဲ အိမ်တွင်သာ စာသင်ယူသည့် ကျောင်းသားများအတွက် မရနိုင်ပါ။ အိမ်တွင်သာ စာသင်ယူသော ကျောင်းသားများသည် အခမဲ့ အစားအသောက်ကျွေးမွေးသည့် နေရာများမှ အစားအသောက်များကို ရယူနိုင်ဆဲဖြစ်ပါသည်။  သင့်အနီးအနားရှိ အခမဲ့ အစားအသောက်ကျွေးမွေးသည့် နေရာတစ်ခုကို ရှာဖွေရန် USDA's Meal Finder  သို့ ဝင်ရောက်ကြည့်ရှုပါ။

---

**မေးခွန်း 19- ကျွန်ုပ်သည် ကျွန်ုပ်၏ကလေးအတွက် သူ့ကျောင်း၏ *Grab and Go* တွင် နေ့လယ်စာများကို သွားယူနေကျဖြစ်ပါသည် သို့မဟုတ် ၎င်းတို့က ကျွန်ုပ်တို့ထံ လာပို့နေကျဖြစ်ပါသည်။ P-EBT အကျိုး ခံစားခွင့်ကို ကျွန်ုပ် ရရှိပါက ထိုသို့လုပ်ဆောင်ခြင်းကို ရပ်လိုက်ရမည်လား။ ထိုသို့လုပ်ဆောင်ခြင်းက အကျိုးခံစားခွင့် ပျက်ပြယ်စေမည်လား။**

ဖြေ- မဖြစ်ပါ။ အဝေးသင် သင်ယူသည့် ရက်များအတွက် အစားအသောက်များ ရရှိသော ကျောင်းသားများသည် P-EBT အကျိုးခံစားခွင့်ကို ရယူနိုင်ဆဲဖြစ်ပါသည်။ သင်သည် ထိုအစားအသောက်များကို ဆက်လက် ရရှိနိုင်ပြီး၊ ဤအကျိုးခံစားခွင့်ကို ရရှိဆဲဖြစ်ပါသည်။

---

**မေးခွန်း 20- ကျွန်ုပ်တွင် ကျောင်းအပ်မထားသော အခြားကလေးများရှိပါသည်။  ၎င်းတို့အတွက် ထိုအကျိုးခံစားခွင့်ကို ရရှိနိုင်သလား။**

ဖြေ- မရရှိနိုင်ပါ။ ထိုအကျိုးခံစားခွင့်ကို နိုင်ငံတော် နေ့လယ်စာ အစီအစဉ်တွင် ပုံမှန်ပါဝင်သော ကျောင်းတစ်ကျောင်းတွင် အပ်နှံထားသည့် ကလေးများကသာ ရရှိနိုင်ပါသည်။  ကလေးစောင့်ရှောက်မှု အကျိုးခံစားခွင့်အတွက် သတ်မှတ်ချက်မီသည့် ကလေးများဆိုင်ရာ နောက်ထပ် အချက်အလက်အတွက် ကလေးစောင့်ရှောက်မှု P-EBT မေးလေ့ရှိသည့်မေးခွန်းများကို ကြည့်ပါ။

---

**မေးခွန်း 21-  P-EBT ကတ်ပုံစံက ဘယ်လိုပုံစံလဲ။**

ဖြေ။ ကတ်၏အရှေ့ပိုင်းပုံစံကို နမူနာပြထားပါသည်။




P-EBT

VT ကတ်ပိုင်ရှင်

---

**မေးခွန်း 22- ကျွန်ုပ်၏ ပစ္စည်းမဟုတ်သည့် လူမှုဖူလုံရေးနံပါတ်ပါသည့် စာလွှာကို ဘာလို့ လက်ခံရရှိခဲ့တာလဲ။**

ဖြေ- P-EBT ကတ်ကို လက်ခံရရှိပြီးဖြစ်ပါက သင့်ကတ်ကို သက်ဝင်လုပ်ဆောင်ခြင်း ရည်ရွယ်ချက်များအတွက် ESD က သင့်အား "လူမှုဖူလုံရေးကတ်အတု" ခွဲဝေပေးထားပါသည်။ စာလွှာပေါ် ရှိ လူမှုဖူလုံရေးနံပါတ် (သင်၏ တကယ့် လူမှုဖူလုံရေးကတ်နံပါတ်မဟုတ်) ကို သုံးပြီး၊ သင့်ကတ်ကို သက်ဝင်လုပ်ဆောင်ခြင်းအတွက် အောက်ပါ ညွှန်ကြားချက်များကို လိုက်နာပါ။

<u>သင့်ကတ်ကို သက်ဝင်လုပ်ဆောင်နည်း-</u>

1. ခေါ်ဆိုသူအခမဲ့ 1-800-914-8605 ကို ဖုန်းခေါ်ဆိုပါ။
2. ဂဏန်းလေးလုံးပင်နံပါတ်ကို ရွေးချယ်ရန် အလိုအလျောက် စနစ်ကို သုံးပါ။
3. လူမှုဖူလုံရေးနံပါတ်ကို ထည့်သွင်းရန် တောင်းဆိုသောအခါ [INSERT FAKE SSN] ကို ထည့်ပါ။
4. မွေးနေ့ထည့်ခိုင်းပါက သင်လက်ခံရရှိသည့် စာလွှာပေါ်တွင် ဖော်ပြထားသော သင်၏ အကြီးဆုံး ကလေးအတွက် အသက်ကို သုံးပါ။

---

**မေးခွန်း 23- ကျွန်ုပ်၏ကလေးများသည် COVID-19 မဖြစ်ခင် အခမဲ့ သို့မဟုတ် ဈေးလျှော့ထားသော နံနက်စာနှင့် နေ့လယ်စာများကို ခံစားခွင့်မရှိခဲ့သော်လည်း ဖြစ်ပွားချိန်မှစ၍ ကျွန်ုပ် အလုပ်လက်မဲ့ ဖြစ်သွားပါသည်။ ကျွန်ုပ် P-EBT ကို ရရှိနိုင်ပါသလား။**

ဖြေ- သင့်ငွေရေးကြေးရေး အခြေအနေ ပြောင်းလဲသွားပါက-

- 3SquaresVT အကျိုးခံစားခွင့်များကို လျှောက်ထားရန် တိုက်တွန်းပါသည်။ သင် လစဉ် အထောက်အပံ့ အကျိုးခံစားခွင့် ရှိပါက၊ သင့်ကလေးသည် ကျောင်းတွင် အခမဲ့နံနက်စာနှင့် နေ့လယ်စာများကို ရရှိနိုင်ပြီး၊ သင်က P-EBT အကျိုးခံစားခွင့်ကို ရရှိနိုင်ပါသည်။
- သင့်ကလေး၏ကျောင်းသို့ ဆက်သွယ်၍ အခမဲ့ သို့မဟုတ် စျေးလျှော့ထားသော နံနက်စာနှင့် နေ့လယ်စာများ ကို ရရှိနိုင်ပါသည်။ သင်သည် AOE ၏ ဝဘ်ဆိုက်တွင်လည်း ဖောင်ကို ရယူနိုင် ပါသည်။ သင့်အိမ်ထောင်စုကို အကျိုးခံစားခွင့်ရှိသည်ဟု ဆုံးဖြတ်လိုက်ပါက၊ သင့်ကျောင်းသားက ပေါင်းစပ် သို့မဟုတ် အဝေးသင် သင်ယူမှုပုံစံဖြင့် စာသင်ခဲ့သည့် လများအတွက် P-EBT အကျိုး ခံစားခွင့်ကို ရရှိပါမည်။ ဧပြီလ 1 ရက်နေ့ 2021 တွင် နောက်ဆုံးထား၍ သင့်ကျောင်းသို့ တင်သွင်း ခဲ့သော အတည်ပြုလိုက်သည့် လျှောက်လွှာပိုင်ရှင်များသည် 2020 စက်တင်ဘာလမှစ၍ အကျိုး ခံစားခွင့်များကို ရရှိနိုင်ပါသည်။ ဧပြီလ 1 ရက်နေ့ နောက်ပိုင်းတွင် အတည်ပြုလိုက်သော လျှောက်လွှာများအတွက် ကျောင်းသားသည် လက်ရှိနှင့် နောက်လများအတွက် အကျိုးခံစားခွင့် ကိုသာ ရရှိပါမည်။

---

**မေးခွန်း 24- ဤအကျိုးခံစားခွင့်ကို ကျွန်ုပ် မလိုချင်ပါက ဘာလုပ်ရမလဲ။**

ဖြေ- ပါဝင်ခြင်းသည် မိမိဆန္ဒအလျောက် ဖြစ်ပါသည်။ သင် မပါဝင်တော့ရန် ရွေးချယ်ပါက -

- သင့် 3SquaresVT EBT ကတ်တွင် ထုတ်ပေးထားသည့် အပိုဆောင်း အကျိုးခံစားခွင့်များကို အသုံးမပြုပါနှင့်။ *သို့မဟုတ်*
- အထူးထုတ်ပေးထားသော သင်၏ P-EBT ကတ်ကို သံလိုက်ပါသော နေရာမှတစ်ဆင့် ကိုက်ဖြတ်ပြီး ကတ်ကို လုံခြုံသောနည်းလမ်းဖြင့် စွန့်ပစ်ပါ။ သင့်ကတ်ကို အခြားသူအား ပေး၍မရပါ။

---

**မေးခွန်း 25- P-EBT အကျိုးခံစားခွင့်များကို အသုံးမပြုပါက၊ ၎င်းတို့က သက်တမ်းကုန်မှာလား။**

ဖြေ- ဟုတ်သည် ကတ်ကို 274 ရက်အတွင်း အသုံးမပြုပါက၊ P-EBT အကျိုးခံစားခွင့်များ သက်တမ်းကုန်ပါမည်။

---

**မေးခွန်း 26- ကျွန်ုပ်တွင် နောက်ထပ် မေးစရာများ ရှိပါသည်။ ဘယ်နေရာတွင် နောက်ထပ် လေ့လာနိုင်ပါသလဲ။**

ဖြေ- https://dcf.vermont.gov/esd/covid19/P-EBT သို့ သွားပါ၊ သို့မဟုတ် နောက်ထပ် အချက်အလက် အတွက် 1-800-479-6151 လိုင်းခွဲ 7 ကို ဖုန်းခေါ်ဆိုပါ။ အခမဲ့နှင့် စျေးလျှော့ပေးသည့် နံနက်စာနှင့် နေ့လယ်စာများကို သင့်ကျောင်းသား ရနိုင်၊ မရနိုင်နှင့် ပတ်သက်ပြီး သိလိုသည်များရှိပါက၊ သို့မဟုတ် အိမ်ထောင်ဦးစီး သို့မဟုတ် ကတ်ထုတ်ပေးရာတွင် အသုံးပြုမည့် စာပို့လိပ်စာကို ပြောင်းလဲလိုပါက၊ သင့်ကျောင်းသား တက်နေသည့် ကျောင်းသို့ ဆက်သွယ်ပါ။

# ************** နွေရာသီ P-EBT**************

---

**မေးခွန်း 27- နွေရာသီ P-EBT က ဘာလဲ။**

ဖြေ- ဒါက ကျောင်းတက် ကလေးများအတွက် နွေရာသီတွင် P-EBT အကျိုးခံစားခွင့် တိုးချဲ့မှု ဖြစ်ပါသည်။

---

**မေးခွန်း 28- နွေရာသီ P-EBT အကျိုးခံစားခွင့်များကို မည်သူ ရရှိနိုင်သလဲ။**

ဖြေ- 2020-2021 ပညာသင်နှစ်အတွင်း သတ်မှတ်ချက်မီပြီး ဇွန်လတွင် Vermont ကျောင်း၌ စာရင်းသွင်း ထားသည့် ကျောင်းသားများရှိသည့် Vermont အိမ်ထောင်စုများ။ အခမဲ့ သို့မဟုတ် စရိတ်နည်း နေ့လယ် စာများအတွက် သတ်မှတ်ချက်မီသော သို့မဟုတ် အခမဲ့ နံနက်စာနှင့် နေ့လယ်စာကို စားနပ်ရိက္ခာ 2 သို့မဟုတ် CEP မှတစ်ဆင့် ပံ့ပိုးပေးသည့် ကျောင်းတက်နေသော ကျောင်းသားများ ဖြစ်သည်။

---

**မေးခွန်း 29- ကျွန်ုပ်၏အိမ်ထောင်စုက အကျိုးခံစားခွင့်ရှိ၊ မရှိ ဘယ်လိုသိနိုင်သလဲ။**

ဖြေ- သင့်ကလေး၏ကျောင်းသည် ပြည်နယ်က သတ်မှတ်ထားသည့် စံနှုန်းအရ သင့်ကျောင်းသားတွင် အကျိုးခံစားခွင့် ရှိ၊ မရှိကို ဆုံးဖြတ်ပါမည်။ ကျောင်းသည် ၎င်းတို့၏ဖိုင်ထဲတွင် ရှိသည့်အချက်အလက် များ မှန်ကန်ကြောင်း သေချာစေရန် သင့်ကို ဆက်သွယ်နိုင်ပါသည်။ ၎င်းတို့၏ တောင်းဆိုချက်ကို

တုံ့ပြန်ဆောင်ရွက်ပေးပါ။ သင့်တွင် အကျိုးခံစားခွင့်ရှိပါက၊ အကျိုးခံစားခွင့် ရယူပုံနှင့် ရရှိမည့်အချိန်တို့ကို ရှင်းပြထားသော စာတစ်စောင်ကို DCF ထံမှ ရရှိပါမည်။

---

**မေးခွန်း 30- ကျွန်ုပ်တို့တွင် အကျိုးခံစားခွင့်ရှိပါက၊ ဤအကျိုးခံစားခွင့်များကို ဘယ်လိုလက်ခံရရှိမှာလဲ။**

ဖြေ- သင်သည် လက်ရှိတွင် EBT ကတ်၌ 3SquaresVT ရှိပါက၊ သင့်ကို ထိုကတ်ပေါ်၌ P-EBT အကျိုးခံစားခွင့်ကို ရေး၍ ထုတ်ပေးပါမည်။ သင်က 2021 တွင် P-EBT ကတ်ကို လက်ခံရရှိထားပြီး ဖြစ်ပါက၊ သင့်အား အဆိုပါကတ်တွင် P-EBT အကျိုးခံစားခွင့် ထည့်ပေးသွားပါမည်။ ထိုသို့ မဟုတ်ပါက အထူး P-EBT ကတ်တစ်ခုကို ရရှိပါမည်။ သင်၏ P-EBT ကတ်ကို သိမ်းထားပါ။

---

**မေးခွန်း 31- ပြီးခဲ့သော နွေဦးရာသီ (2020) က P-EBT ကတ်ကို ရရှိခဲ့သော်လည်း အခုမရှိတော့ပါ။ အဲဒါက ပြဿနာရှိပါသလား။**

ဖြေ- မရှိပါ။ ကတ်အသစ်များကို 2021 တွင် ထုတ်ပေးနေပါသည်။ အထူး P-EBT ကတ်တွင် အကျိုးခံစားခွင့် ရရှိနေပါက၊ သင်ရထားသည့် ကတ်အသစ်ကို သိမ်းထားပါ။ ၎င်းတွင် ထပ်ဆောင်းအကျိုးခံစားခွင့်များကို ပေါင်းထည့်နိုင်ပါသည်။

---

**မေးခွန်း 32- နွေရာသီ အကျိုးခံစားခွင့်များကို ဘယ်အချိန်မှာ ထုတ်ပေးမှာလဲ။**

ဖြေ- ထုတ်ပေးနေသည့် နွေရာသီ P-EBT အကျိုးခံစားခွင့် နှစ်သုတ်ရှိပါသည် -

- အခမဲ့/လျှော့ဈေး နေ့လယ်စာများအတွက် သတ်မှတ်ချက်မီပြီးဖြစ်သည့် သို့မဟုတ် ဇွန်လတွင် CEP သို့မဟုတ် ပြဋ္ဌာန်းချက် 2 ကျောင်းကို တက်နေသည့် ကျောင်းသားများအတွက် နွေရာသီ P-EBT အကျိုးခံစားခွင့်များ၏ ပထမအသုတ်ကို ဇူလိုင်လ 2021 တွင် ထုတ်ပေးမည်ဟု မျှော်လင့်ပါသည်။
- 2021 ခုနှစ်၊ ဇွန်လ၌ ဗားမောင့်ကျောင်းတွင် စာရင်းသွင်းထားသော်လည်း အခမဲ့/စရိတ်နည်း နေ့လယ်စာများအတွက် နွေရာသီကာလအထိ သတ်မှတ်ချက်မီသည့် ကျောင်းသားများအတွက်၊ အကျိုးခံစားခွင့်များကို 2021 ခုနှစ် စက်တင်ဘာလတွင် ထုတ်ပေးပါမည်။

---

**မေးခွန်း 33- အခမဲ့/လျှော့ဈေး နေ့လယ်စာများကို လျှောက်ထားရေးနှင့် နွေရာသီ P-EBT ကို လက်ခံရရှိရေး ရည်ရွယ်ချက်များအတွက် ဘယ်ကာလကို နွေရာသီကာလဟု ယူဆမလဲ။**

ဖြေ- အခမဲ့/လျှော့ဈေး နေ့လယ်စာများအတွက် သတ်မှတ်ချက်မမီပေးသည့် မိသားစုများအတွက် ဩဂုတ်လ 16 ရက်၊ 2021 အထိ အချိန်မရွေး လျှောက်ထားနိုင်ပြီး သတ်မှတ်ချက်မီသည်ဟု သိရပါက၊ နွေရာသီ P-EBT အကျိုးခံစားခွင့်အပြည့်အစုံကို လက်ခံရရှိပါမည်။ ကျောင်းအချိန်ပိုင်း ပြည့်ပြီးနောက်နှင့် ဩဂုတ်လ 16 ရက်တွင် သို့မဟုတ် ယင်းမတိုင်ခင် အခမဲ့/လျှော့ဈေး နေ့လယ်စာများအတွက် လျှောက်ထားသည့် မိသားစုများသည် စက်တင်ဘာလတွင် ဒုတိယအကြိမ် ထုတ်ဝေမှုအသုတ်အတွင်း ၎င်းတို့၏ နွေရာသီ P-EBT အကျိုးခံစားခွင့်များကို လက်ခံရရှိပါမည်။ နွေရာသီ P-EBT လက်ခံရရှိခြင်းအတွက် အခမဲ့/လျှော့ဈေး နေ့လယ်စာများအတွက် လျှောက်ထားရန် သတ်မှတ်နောက်ဆုံးရက်မှာ ဩဂုတ်လ 16 ရက်၊ 2021 ခုနှစ် ဖြစ်သည်။

---

**မေးခွန်း 34- နွေရာသီ P-EBT အကျိုးခံစားခွင့်က ဘယ်လောက်လဲ။**

ဖြေ- နွေရာသီ P-EBT အကျိုးခံစားခွင့်သည် သတ်မှတ်ချက်မီသော ကလေးတိုင်းအတွက် $375 ဖြစ်သည်။ ၎င်းက တစ်ကြိမ်စာ အပြီးအစီး အကျိုးခံစားခွင့် ပမာဏ ဖြစ်သည်။

---

**မေးခွန်း 35- အိမ်ထောင်စုတွင် ကလေးမည်မျှရှိပါစေ နွေရာသီ P-EBT အကျိုးခံစားခွင့်က အတူတူဖြစ်ပါသလား။**

ဖြေ- နွေရာသီ P-EBT အကျိုးခံစားခွင့်သည် သတ်မှတ်ချက်မီသော ကလေးတစ်ဦးလျှင် $375 ဖြစ်သည်။

---

**မေးခွန်း 36- ကျွန်ုပ်တို့၏ ကျောင်း၏** ***Grab and Go တည်နေရာတွင် ကျွန်ုပ်၏ကလေးအတွက် နေ့လယ် စာများကို လာယူပါက၊ သို့မဟုတ် အခြား နေ့လယ်စာ သို့မဟုတ် အစားအသောက် ပရိုဂရမ်များကို အသုံးချပါက၊ နွေရာသီ*** **P-EBT အကျိုးခံစားခွင့် ရရှိပါက၊ အဲဒါကို ဆက်လုပ်ခြင်းကို ရပ်ဖို့လိုပါသလား။ ထိုသို့လုပ်ဆောင်ခြင်းက အကျိုးခံစားခွင့် ပျက်ပြယ်စေမည်လား။**

ဖြေ- မလိုပါ။ သင်သည် ထိုအစားအသောက်များကို ဆက်လက်ရရှိနိုင်ပြီး၊ ဤအကျိုးခံစားခွင့်ကို ရရှိဆဲဖြစ်ပါသည်။

**မေးခွန်း 37- ကျွန်ုပ်တွင် ကျောင်းအပ်မထားသော အခြားကလေးများရှိပါသည်။ ၎င်းတို့အတွက် ထိုအကျိုးခံစားခွင့်ကို ရရှိနိုင်သလား။**

ဖြေ- မရနိုင်ပါ။ နွေရာသီ အကျိုးခံစားခွင့် အပါအဝင် ကလေးစောင့်ရှောက်မှု P-EBT အကျိုးခံစားခွင့် အတွက် သတ်မှတ်ချက်မီသည့် ကလေးများဆိုင်ရာ အချက်အလက်များအတွက် ကလေးစောင့်ရှောက်မှု P-EBT မေးလေ့ရှိသည့်မေးခွန်းများကို ကြည့်ပါ။

---

**မေးခွန်း 38- ကျွန်ုပ်၏ ကလေးက ဇွန်လ 2021 တွင် အထက်တန်း အောင်မြင်ခဲ့သည်၊ ကျွန်ုပ်၏ ကလေးက သတ်မှတ်ချက်မီပါသလား။**

ဖြေ- သင့်ကလေး၏ အခမဲ့/လျှော့စျေး နေ့လယ်စာများအတွက် ဇွန်လ 2021 တွင် သတ်မှတ်ချက်မီပါက၊ သင့်ကလေးသည် နွေရာသီ P-EBT အကျိုးခံစားခွင့်အတွက် သတ်မှတ်ချက်မီပါမည်။

---

**မေးခွန်း 39- ကျွန်ုပ်၏ ကလေးက ဇန်နဝါရီလ 2021 တွင် အထက်တန်း အောင်မြင်ခဲ့သည်၊ ကျွန်ုပ်၏ ကလေးက သတ်မှတ်ချက်မီပါသလား။**

ဖြေ- မမီပါ။ နွေရာသီ P-EBT အတွက် သတ်မှတ်ချက်မီရန်၊ ကလေးသည် ဇွန်လ 2021 တွင် စာရင်းသွင်းထားရမည်။ သင့်ကလေးက ဇန်နဝါရီလတွင် အောင်မြင်ခဲ့သောကြောင့် ဇွန်လတွင် စာရင်းသွင်းခဲ့သည်ဟု ယူဆရပါမည်။

---

**မေးခွန်း 40- နွေရာသီ P-EBT အတွက် သတ်မှတ်ချက်မီရန် ကျွန်ုပ်၏ ကလေးက နွေရာသီကျောင်းသို့ တက်ရောက်ရမလား။**

ဖြေ- မလိုပါ။ ယခုနှစ်နွေရာသီတွင် ကျောင်းတက်ခြင်းသည် ကလေးက နွေရာသီ P-EBT အတွက် သတ်မှတ်ချက်မီ၊ မမီ ဆုံးဖြတ်ရာတွင် အရေးကြီးအချက် မဟုတ်ပါ။

---

**မေးခွန်း 41- နွေရာသီ P-EBT အကျိုးခံစားခွင့်များကို အသုံးမပြုပါက၊ ၎င်းတို့က သက်တမ်းကုန်မှာလား။**

ဖြေ- ဟုတ်သည် ကတ်ကို 274 ရက်အတွင်း အသုံးမပြုပါက၊ P-EBT အကျိုးခံစားခွင့်များ သက်တမ်းကုန်ပါမည်။

---

**မေးခွန်း 42- ကျွန်ုပ်၏ ကလေးက အခမဲ့နှင့် လျှော့ဈေး နေ့လယ်စာများအတွက် သတ်မှတ်ချက်မီသော်လည်း 2020-2021 ကျောင်းနှစ်အတွက် လူကိုယ်တိုင် သင်ယူလေ့လာခဲ့သည်၊ ကျွန်ုပ်၏ ကလေးက နွေရာသီ P-EBT အတွက် သတ်မှတ်ချက်မီပါသလား။**

ဖြေ- ဟုတ်သည် သတ်မှတ်ချက်မီမှုသည် အခမဲ့/လျှော့ဈေး နေ့လယ်စာများအတွက် သတ်မှတ်ချက်မီမှု အပေါ် မူတည်သည်။

---

**မေးခွန်း 43- ကျွန်ုပ်တွင် နွေရာသီ P-EBT နှင့် ပတ်သက်၍ နောက်ထပ် မေးခွန်းများရှိပါသည်။ ဘယ်နေရာတွင် နောက်ထပ် လေ့လာနိုင်ပါသလဲ။**

ဖြေ- https://dcf.vermont.gov/esd/covid19/P-EBT သို့ သွားပါ၊ သို့မဟုတ် နောက်ထပ် အချက်အလက် အတွက် 1-800-479-6151 လိုင်းခွဲ 7 ကို ဖုန်းခေါ်ဆိုပါ။ အခမဲ့နှင့် ဈေးလျှော့ပေးသည့် နံနက်စာနှင့် နေ့လယ်စာများကို သင့်ကျောင်းသား ရနိုင်၊ မရနိုင်နှင့် ပတ်သက်ပြီး သိလိုသည်များရှိပါက၊ သို့မဟုတ် အိမ်ထောင်ဦးစီး သို့မဟုတ် ကတ်ထုတ်ပေးရာတွင် အသုံးပြုမည့် စာပို့လိပ်စာကို ပြောင်းလဲလိုပါက၊ သင့်ကျောင်းသား တက်နေသည့် ကျောင်းသို့ ဆက်သွယ်ပါ။

VERMONT
AGENCY OF HUMAN SERVICES
DEPARTMENT FOR CHILDREN & FAMILIES

VERMONT
AGENCY OF EDUCATION